

# အခြေချနေထိုင်မှုအထောက်အကူပြုအစီအစဉ်
# ၂၀၂၂ခုနှစ် သင်တန်းခေါ်ယူခြင်း
( ဩဂုတ် လ ၅ ရက် လျှောက်လွှာပိတ်ရက်)

**ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ ) သည် ၂၀၂၂ ခုနှစ် အောက်တိုဘာ လ မှ ဂျပန်စာလေ့လာသင်ယူလိုသည့်ဒုက္ခသည်များမှလျှောက်လွှာများကိုလက်ခံနေပါသည်။**

## အခြေချနေထိုင်မှုအထောက်အကူပြုအစီအစဉ်နှင့်ပတ်သက်၍

လျှောက်ထားတိုင်သူ : ကွန်ဗင်းရှင်းဒုက္ခသည်များနှင့်သူတို့၏မိသားစုများ

အစီအစဉ် : ဂျပန်စာ ( အချိန် ၅၇၂ ခန့် ) ၊ လူနေမှုလမ်းညွှန် (အချိန်ကာလ ၁၂၀ ခန့် )၊ အလုပ်အကိုင်ပံ့ပိုးမှု (* ၁ အချိန် = ၄၅ မိနစ်)

သင်တန်းချိန် : နေ့ခင်းသင်တန်း ( ၆ လ သင်တန်း ) ၂၀၂၂ ခုနှစ် အောက်တိုဘာ လ မှ ၂၀၂၃ ခုနှစ် မတ် လ ( တနင်္လာနေ့ မှ သောကြာနေ့ ၊ ၉ : ၃၀ မှ ၁၅ : ၅၀ )

သင်တန်းပုံစံ : မိမိနေအိမ် ( အင်တာနက်ကိုအသုံးပြုပြီးအုပ်စုလိုက်သင်ယူခြင်း။ )

အခြားသော : RHQ မှအွန်လိုင်းသင်တန်းများတွင်အသုံးပြုသည့်လိုအပ်သောအိုင်တီပစ္စည်းများကိုငှားရမ်းမည်။ကလေးများကိုအပ်ထားလို့မရပါ။

သတိပြုရန် : လျှောက်ထားသူ ဦး ရေ ၊ ကျန်းမာရေးအခြေအနေ ပေါ် မူတည်၍ သင်တန်းသို့တက်ရောက်ခွင့်မရနိုင်သည့်အချိန်လည်းရှိနိုင်ပါသည်။

( လျှောက်ထားရန် )

၁ ) RHQ ထောက်ပံ့ရေးပြုစင်တာ သို့အီးမေးလ်သို့မဟုတ်ဖုန်းဖြင့်ဆက်သွယ်ပါ။

၂ ) ၂၀၂၂ ခုနှစ် ဇူလိုင် လ ၁၁ ရက် မှ ၂၀၂၂ ခုနှစ် ဩဂုတ် လ ၅ ရက် တစ်ဦးချင်းအင်တာဗျူး နှင့်လျှောက်လွှာတင်သွင်းခြင်း

၃ ) ၂၀၂၂ ခုနှစ် စက်တင်ဘာ လ သက်တန်းတက်ရောက်ခွင့်ရှိ / မရှိ ကိုအကြောင်းကြားခြင်း

၄ ) ၂၀၂၂ ခုနှစ် အောက်တိုဘာ လ သင်တန်းစတင်မည်။


**◆လျှောက်လွှာတင်သွင်းရန် နှင့် စုံစမ်းမေးမြန်းရန် ◆RHQ အထောက်အကူပြုစင်တာ**

TEL: 03-5292-2144 E-mail: rhqcenter@rhq.gr.jp Web: http://www.rhq.gr.jp




# ကွန်ဗင်ရှင်းဒုက္ခသည်နှင့်မိသားစုအတွက်
# ဂျပန်တွင်အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ်

၂၀၂၂ ခုနှစ်သင်တန်း၏ဒုတိယနှစ်ဝက်၏
လျှောက်လွှာ ပိတ်ရက် 2022 ခုနှစ် ဩဂုတ်လ 5 ရက်

～ ဂျပန်ဘာသာလေ့လာသင်ကြားလိုသူ၊ ဂျပန့်ဓလေ့ထုံးစံများကို သိလိုသူ၊ အလုပ်အကိုင်ရှာဖွေလိုသူ ဒုက္ခသည်နှင့်မိသားစုအတွက် ～

**အာရှလူမှုဖူလုံရေးနှင့်ပညာရေးဖေါင်ဒေးရှင်း**
**ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ )**

# နိဒါန်း

ဂျပန်အစိုးရသည်တရားရေးဝန်ကြီး မှ ကွန်ဗင်ရှင်းဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံရခံရသူနှင့် မိသားစု အတွက် ဂျပန်ဘာသာ ၊ လူမှုရေးလမ်းညွှန် ၊အလုပ်အကိုင်မိတ်ဆက်ပေးခြင်းစသည့်အခြေချနေထိုင်ရေး ထောက်ပံ့အစီအစဉ်ကိုအခမဲ့ဆောင်ရွက်ပေးနေပါသည်။

- အခြေခံဂျပန်ဘာသာ ၊ ဂျပန်တွင်နေထိုင်အသက်မွေးရန်အတွက်အထောက်အကူဖြစ်စေမည့် စနစ် ၊ ဓလေ့ ထုံးစံများကိုဂျပန်ဘာသာစကားဖြင့်လေ့လာနိုင်ပါသည်။
- အလုပ်လုပ်ကိုင်သူများအတွက် အလုပ်အကိုင်မိတ်ဆက်ပေးပါမည်။
- သင်တန်းတက်ရောက်စဉ်အတွင်း နေထိုင်မှုစရိတ်၊ ဆေးကုသစရိတ်၊အိမ်လခ ( သတ်မှတ်ချက်နှင့်စီစစ်မှုများရှိသည် ) ရရှိမည့်အပြင် ၊ သင်တန်းဆင်းလျှင် အခြေချနေထိုင်ရေး ထောက်ပံ့ငွေ ( အခြေချရန်ပြင်ဆင်ခြင်းအတွက်ငွေ ) ကိုလက်ခံရရှိပါမည်။ ( စာမျက်နှာ ၃ တွင်ကြည့်ပါ )
- လိုအပ်သူများအတွက်အွန်လိုင်းသင်တန်းတွင်လိုအပ်သည့် ITပစ္စည်းများကိုRHQမှငှားမည်။ သတိ ။ ။ ကလေးကိုအပ်ထားလို့မရပါ။

# အစီအစဉ်အသေးစိတ်

## ဂျပန်ဘာသာသင်တန်း ၊ လူနေမှုလမ်းညွှန် ၊ အလုပ်အကိုင်မိတ်ဆက်ခြင်း

၁ ၊ ဂျပန်ဘာသာသင်ကြားမှု ( ပို့ချချိန် ၅၇၂ နာရီ ၊ ၁ ချိန်= ၄၅ မိနစ် )

- အခြေခံဂျပန်ဘာသာ ( ဖတ် ၊ ရေး ၊ နားထောင် ၊ စကားပြော ) စသည်တို့ကိုသေချာစွာ တက်မြောက်နိုင်ပါသည်။
- စားဝတ်နေထိုင်ရန်လိုအပ်သည့် ဂျပန်ဘာသာကိုလေ့လာသင်ယူနိုင်ပါသည်။

၂ ၊ လူနေမှုလမ်းညွှန် ( ပို ့ချချိန် ၁၂၀ နာရီ ၊ ၁ ချိန် = ၄၅ မိနစ် )

- ဂျပန်တွင်နေထိုင်အသက်မွေးရန်အတွက် အထောက်အကူဖြစ်စေမည့်စနစ် ( ဆေးကုသမှု ၊ အာမခံ ၊ ပင်စင် ၊ အခွန် အစရှိသော ) ဓလေ့ထုံးတမ်းများကိုသင်ယူနိုင်ပါသည်။

※ သင်တန်းတွင် ဂျပန်ဘာသာ နှင့် လူနေမှုလမ်းညွှန်ကိုတွဲဖက်သင်ကြားပါသည်။

၃ ၊ အလုပ်အကိုင်မိတ်ဆက်ပေးခြင်း

- အလုပ်အကိုင်လိုသူများအတွက် အလုပ်ရှာဖွေရန်ကူညီနိုင်ပါသည်။ ( မိမိလုပ်လိုသည့်အလုပ်ကို မတွေ့နိုင်သည့်အခါလည်းရှိပါသည်။)
- အလုပ်အကိုင်ရှာဖွေရန်လိုအပ်သောလမ်းစရိတ်ကိုပေးပါမည်။
- အလုပ်ဝင်ရန်ရွေးချယ်လိုက်သောကုမ္ပဏီတွင်အလုပ်သင်စနစ်သင်ယူနေပုံကိုအသုံးပြုနိုင်ပါသည်။အလုပ်သင်ကာလမှာ ၁ လ မှ ၆ လ ဖြစ်ပါသည်။ အလုပ်သင်ကာလအတွင်းနေထိုင်စရိတ်ကိုတချို့ကိုထောက်ပံ့ပေးပါမည်။



သင်ယူနေပုံ

# သင်တန်းအမျိုးအစားနှင့်တက်မည့်အချိန်

- သင်တန်းချိန်စုစုပေါင်း ၆၉၂ နာရီ တွင် ဂျပန်ဘာသာ သင်တန်းချိန် ၅၇၂ နာရီ ( သင်တန်း ၁ ချိန်= ၄၅ မိနစ် ) နှင့် လူနေမှုလမ်းညွှန်သင်တန်းချိန် ၁၂၀ နာရီ ( သင်တန်း ၁ ချိန်= ၄၅ မိနစ် )
- သင်တန်းပုံစံ
  - အွန်လိုင်းဖြင့်အုပ်စုလိုက်သင်ကြားမှုပုံစံဖြင့်သင်ကြားသွားပါမည်။ (မိမိနေအိမ်မှ)
- သင်တန်းချိန် (သင်ရိုးညွှန်းတမ်းအရ အချိန်အပြောင်းအလဲရှိနိုင်သည်)
  - နေ့လည်ပိုင်း သင်တန်း တနင်္လာနေ့ မှ သောကြာနေ့ ၉ နာရီ ၃၀ မိနစ် မှ ၁၅ နာရီ ၅၀ မိနစ် အထိ
- သင်တန်းကာလ ၆ လ ( နေ့လည်ပိုင်း သင်တန်း) သင်တန်း ၂၀၂၂ ခုနှစ် အောက်တိုဘာ လ မှ ၂၀၂၃ ခုနှစ် မတ် လ

# သင်တန်းတက်ရောက်နိုင်သူ

တရားရေးဝန်ကြီး မှ ကွန်ဗင်ရှင်းဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရသူ နှင့် မိသားစု ( ※၁ ) သို့ရာတွင် ယခုချိန်အထိ နိုင်ငံတကာကူညီရေးစင်တာ ( ၂၀၀၆ ခုနှစ် မတ်လ တွင်ရပ်ဆိုင်း ) နှင့် RHQ ထောက်ပံ့ရေးစင်တာ တို့တွင်ဂျပန်ဘာသာစသည့်အခြေချနေထိုင်ရေးအထောက်အပံ့ကို သင်ယူပြီးသူများမပါဝင်ပါ။( ※၂ )

( ※၁ ) မိသားစု ဆိုသည်မှာ ဂျပန်နိုင်ငံတွင်နေထိုင်သည့် နိုင်ငံခြားသားဖြစ်ပြီး ၊ ကွန်ဗင်ရှင်းဒုက္ခသည်၏ မိသားစု အဖြစ် ဂျပန်တွင်နေထိုင်ခွင့်ရရှိထားသူကို ဆိုလိုပြီး ထိုသူများမှာ အိမ်ထောင်ဖက် ၊ မိဘ ၊ အိမ်ထောင်မကျ သေးသည့် သား / သမီး များသာ။

( ※၂ ) လျှောက်ထားသူဦးရေများခြင်း၊ ကျန်းမာရေးအခြေအနေ ပေါ်မူတည်၍သင်တန်းတက်ရောက်ခွင့်မရသည့်အချိန်မျိုးလည်းရှိပါသည်။

（2022 年 6 月作成）

# လူနေမှုထောက်ပံ့ကြေးအစရှိသော

( ※ပံ့ပိုးမှုတွင်သတ်မှတ်ချက်နှင့်စီစစ်မှုများရှိသည် )

အခြေချနေမှုထောက်ပံ့အစီအစဉ်သို့တက်ရောက်နေစဉ်အတွင်းရရှိမည့်ထောက်ပံ့ကြေး

| နေထိုင်မှုစရိတ်<br>(စားဝတ်နေရေးအတွက်) | လူကြီး ( ၁၂ နှစ် အထက် )<br>၁ ရက် ယန်း ၁,၆၀၀ |
|---|---|
| ဆေးကုသစရိတ်<br>( ရောဂါ ၊ဒဏ်ရာ ရသည့်အခါ ) | သင်တန်းချိန်အတွင်းဖြစ်သည့်အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ သွားကိုက်ခြင်း ၊မတော်တဆ ထိခိုက်ဒဏ်ရာရသည့်အခါအရေးပေါ်ကုသ သည့်ဆေးကုသစရိတ်။နာတာရှည်ရောဂါ နှင့် တခြားရောဂါကြီးများ၏ဆေးကုသစရတ်ကိုမ ထောက်ပံ့နိုင်ပါ။<br>(※သင်တန်းတက်ရောက်သူအားလုံးသည် ကျန်းမာရေးအာမခံကို ကိုယ်တိုင်ပေးဆောင်ရမည်။ |
| အိမ်ခန်းစရိတ်<br>( အိမ်ရာအတွက် ထောက်ပံ့ငွေ ) | အထောက်အပံ့ပေးမည့်အိမ်လခတွင်ကန့်သတ် ချက်ရှိသည်။ထောက်ပံ့မည့်ငွေမှာအိမ်လခ နေ ထိုင်သည့်လူဦးရေပေါ်မူတည်ပြီးကွဲပြားမှုရှိ သည်။အိမ်အခန်းခမဟုတ်သောအခြားအသုံးစ ရိတ်များကိုပေးမည်မဟုတ်ပါ။ |
| အခြေချနေထိုင်မှုစရိတ်<br>( အခြေချနေထိုင်ရန်ပြင်ဆင်မှုအတွက် ) | လူကြီး ( ၁၆ နှစ်နှင့်အထက် ) ယန်း ၁၅၆,၉၀၀<br>※ အခြေချနေထိုင်ရေးအထောက်အပံ့အစီ အစဉ်ပြီးချိန်တွင် ၁ ကြိမ်သာ |


**ဆက်သွယ်ရန်**

**အာရှလူမှုဖူလုံရေးနှင့်ပညာရေးဖေါင်ဒေးရှင်း ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ )**

RHQထောက်ပံ့ရေးစင်တာ Tel ：0120-068-655 Fax ：03-5292-2043

E-mail:rhqcenter@rhq.gr.jp